**HARP-F ၏ လုပ်ဆောင်နိုင်စွမ်းအပေါ် ရှုမြင်သုံးသပ်ချက်**

ပြန်လည်သုံးသပ်မှု



# အစီရင်ခံစာ၊ အနှစ်ချုပ်

Operations Partnership (OP) မှရေးသားသည်။ ဖေဖော်ဝါရီလ၊ ၂၀၂၂ ခုနှစ်။

Humanitarian Assistance and Resilience Programme Facility (HARP-F) သည် မြန်မာနိုင်ငံအတွင်း ယူကေ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး၏ အဓိကမဏ္ဍိုင်ဖြစ်သည်။ ၂၀၁၆ ခုနှစ် တွင် စတင်ခဲ့သည့် အဆိုပါ HARP-F သည် ယူကေ၏ နိုင်ငံခြားရေး၊ ဓနသဟာယနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာနရုံး (FCDO, ယခင်က DFID) အတွက် ထောက်ပံ့ငွေယန္တရားနှင့် အသိပညာ ဆိုင်ရာ အခြေခံအုတ်မြစ်တစ်ခုအဖြစ် လည်း လုပ်ဆောင်ခဲ့သည်။ ယင်းကို Crown Agents နှင့်စာချုပ်ချုပ်ဆိုမှုမှတဆင့် စီမံခန့်ခွဲပါသည်။ HARP-F က ယူကေအစိုးရကိုယ်စား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအတွက် ရန်ပုံငွေထောက်ပံခြင်းကို ပြုလုပ်ပေး သည့်အပြင်၊ FCDO သည် ဗျူဟာမြောက်ဆုံးဖြတ်ချက်များနှင့်  အချို့သောခွင့်ပြုချက်များတွင် ပါဝင်သော်လည်း ၎င်းတွင် ကိုယ်ပိုင်သရုပ် သကန်ရှိ ပြီး စီမံခန့်ခွဲရေးဆိုင်ရာနှင့် လုပ်ငန်းလည်ပတ်မှုအရ အမှီအခို ကင်းပါသည်။ ၂၀၂၁ ခုနှစ်ထိတိုင်အောင်၊ HARP-F ၏ ရန်ပုံငွေများ နှင့်စပ်လျဉ်း၍ HARP-F ၏ သမာသမတ်ရှိမှုကို ခွင့်ပြုရန် HARP-F ၏ မိတ်ဖက်အဖွဲ့ အစည်းများက UK Aid အမှတ်တံဆိပ်ကို အသုံးမပြု ခဲ့ပါ။ ယင်းက HARP Facility နှင့် FCDO တို့သည် သီးခြားအဖွဲ့ အစည်းများဖြစ်ကြောင်း ခံယူချက်များအား ပံ့ပိုးပေးခဲ့ပါသည်။ HARP-F ၏ အသိပညာအစိတ်အပိုင်းမှ တစ်စိတ်တစ်ပိုင်းအနေဖြင့်၊ HARP-F ၏ ဒီဇိုင်း၊ လုပ်ငန်းစဉ်များနှင့် ဖွဲ့ စည်းပုံ များသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်နိုင်စွမ်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုများကို မည်ကဲ့သို့ ပံ့ပိုးပေးနိုင် ကြောင်း နားလည် နိုင်စေရန်အပြင်၊ မြန်မာနိုင်ငံအတွင်း ဒေသမှ ပြု ထားသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ တုံ့ပြန်မှုများအတွက် အနာဂတ်ရန် ပုံငွေထောက်ပံ့မှုတွင် HARP-F ၏ အကျိုးကျေးဇူးများက မည်ကဲ့သို့ ရေရှည်တည်တံ့နိုင်ကြောင်း ဆွေးနွေးထားသည့် အနာဂတ်ရှေ့ ရေးကို မျှော် ကြည့်ထားသော အကြံပြုချက်များကိုပေးရန် လုပ်ဆောင်နိုင်စွမ်း အပေါ် ရှုမြင်သုံးသပ်ချက်တစ်ရပ်အား ပြု လုပ်ခဲ့ကြပါသည်။ ရှုမြင် သုံးသပ်မှုကိုလုပ်ဆောင်ရန် Operations Partnership (OP) ကို ရွေးချယ်ခြင်းခံခဲ့ရသည်။ ရှုမြင်သုံးသပ်ချက်ကို "မူဝါဒနှင့် အလေ့အကျင့် များတိုးတက်စေရန်အပြင်၊ တာဝန်ခံမှု မြင့်တက်စေရန်အတွက် သင်ခန်းစာများထုတ်ယူရေးကို ရည်ရွယ်၍ လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ လုပ်ဆောင် ချက်အပေါ် စနစ်တကျနှင့် ဘက်မလိုက်သော စစ်ဆေးမှု" ပေးရန်အလို့ငှာ ရည်ရွယ်ထားခြင်း ဖြစ်သည်။

ရည်ရွယ်ချက် (၁)   HARP-F ၏ ဖွဲ့ စည်းပုံများနှင့် စနစ်များသည် ၂၀၁၆ ခုနှစ်မှစတင်၍ မည်ကဲ့သို့ တိုးတက်ပြောင်း လဲလာခဲ့ကြောင်းနှင့် နှစ်ရှည်ကြာမြင့်သည့် အကျပ်အတည်းဖြစ်နေသောဒေသများတွင် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ အကူအညီများပေးမှုအပေါ် HARP-F မှ စနစ်များ၏ အကျိုးသက်ရောက်မှုများအား ဖော်ထုတ်သတ်မှတ်ရန်။။

- စတင်ချိန်က နှေးကွေးခဲ့သော်လည်း၊ HARP-F သည် ပြောင်းလဲနေသော ရှုပ်ထွေးသည့် အရေးပေါ်အခြေအနေ တစ်ရပ်၏လိုအပ်ချက်များကို ရင်ဆိုင်ကျော်ဖြတ်ရန်အတွက် ၎င်း၏စနစ်များနှင့် ဖွဲ့ စည်းပုံကို လိုက် လျော်ညီထွေ ဖြစ်အောင် စီမံနိုင်ခဲ့သည်။ HARP-F ၏ ဖွဲ့ စည်းပုံသည် FCDO ၏အတည်ပြု ချက်မလိုအပ်ဘဲ ၎င်းတို့၏ လက်ရှိ တန်ဖိုး၏  ၁၀% အထိ ထောက်ပံ့ကြေးများကို ပြင်ဆင်နိုင်စေခဲ့ ပြီး HARP-F အနေဖြင့် အစီအစဉ် ရေးဆွဲခြင်းကို လက်ရှိလိုအပ်ချက်များနှင့် လျင်မြန်စွာလိုက် လျော်ညီထွေဖြစ်အောင် ဆက်လက်ထားရှိရန်နှင့် ဗျူရိုကရေစီယန္တရား အား လျှော့ချရန်အတွက် ဤကဲ့သို့ ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုကို အသုံးပြု ခဲ့သည်။

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

- ဤရှုမြင်သုံးသပ်ချက်အတွက် အင်တာဗျူးမေးမြန်းခဲ့သည့် အဓိကသတင်းပေးသူများက HARP-F သည် အသေးစိတ်အချက်များနှင့် စီမံခန့်ခွဲ ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အာရုံစိုက်ခြင်းမရှိဟူသည့်အချက်ကို မီးမောင်းထိုးပြပါသည်။ HARP-F ၏ ထောက်ပံ့ကြေးစီမံခန့်ခွဲမှုဝန်ထမ်းများသည် လိုအပ်သည့်အချိန်တွင် လိုက်လျောညီထွေရှိစေရန် ၎င်းတို့ကို ခွင့်ပြုပေးခဲ့သည့် အကူအညီများပေးအပ်ခြင်းအပေါ် အာရုံစိုက်ထားသော မှန်ကန်သော စိတ်ဓာတ်ရှိကြသည်။

- ဝန်ထမ်းများသည် အကာအကွယ်ပေးမှု အစီအမံများကို ဆက်လက်ထိန်းသိမ်းထားသည့်အပြင်၊ ၎င်းတို့သည် ပွင့်လင်းမှု၊ တုံ့ပြန်မှုနှင့် လက်တွဲလုပ်ဆောင်ရလွယ်ကူပြီး အချိန်မီဆုံးဖြတ်ချက်ချခြင်းနှင့် ပြောင်းလဲနေသော လိုအပ်ချက်များကို လိုက်လျောညီထွေဖြစ်စေခြင်း၏ အရေးပါမှုကို အားလုံးက နားလည်သဘောပေါက်ကြသည်။

- အလုံးစုံခြုံငုံကြည့်ပါက HARP-F သည် ၂၀၁၉ ခုနှစ်အတွင်း စီမံကိန်း၏ လိုအပ်ချက် အတိုင်းအတာကို ဖြည့်စွမ်းနိုင်မှုအပြင်၊ ကိုဗစ် ၁၉ ကူးစက်ရောဂါ၊ ၂၀၂၁ ခုနှစ်အာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ ငွေဖြစ်လွယ်မှုအကျပ်အတည်းများအပါအဝင် ဆက်စပ်စိန်ခေါ်မှုများကဲ့သို့သော ဌာနတွင်း၊ အဖွဲ့အစည်းဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်ရာ၌ ၎င်း၏လုပ်ပိုင်ခွင့်ကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။

ရည်ရွယ်ချက် (၂)　HARP-F ၏ဖွဲ့စည်းပုံနှင့် အလုပ်လုပ်ပုံနည်းလမ်းများသည် ရည်ရွယ်ချက်ရှိရှိနှင့်သော် လည်းကောင်း၊ ရလာဒ်အရသော်လည်းကောင်း နိုင်ငံအလိုက်နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှုမှတဆင့် ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (LOCALIZATION)ကို မည်ကဲ့သို့ပံ့ပိုးပေးထားသည်ကို နားလည်ရန်။

- ထိစပ်မှုသည် ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (LOCALISATION)နှင့်စပ်လျဉ်း၍ HARP-F ၏အောင်မြင်မှု၏ အဓိကသော့ချက်များထဲမှတစ်ချက် ဖြစ်သည်။ နိုင်ငံတွင်းရှိ HARP-F ဝန်ထမ်းများရှိနေခြင်း၊ ဒေသဆိုင်ရာရုံးများ ဖြန့်ကျက်ချထားခြင်းနှင့် တိုက်ရိုက် ရန်ပုံငွေထောက်ပံ့ပေးခြင်းနှင့် နည်းပြ/လမ်းညွှန်မှုပေးခြင်းတို့က လွန်စွာအသုံးဝင်သည်ဟု ယူဆပါသည်။ HARP-F သည် ၂၀၁၆ ခုနှစ်ကတည်းက အဝေးမှ အလုပ်လုပ်သည့်ချဉ်းကပ်မှုသို့ ကူးပြောင်းခဲ့သော်လည်း၊ နိုင်ငံတွင်းရှိ HARP-F ဝန်ထမ်းများ၏ အတွေ့အကြုံသည် မိတ်ဖက်များနှင့် ဆက်ဆံရာတွင် အကျိုးရှိသော ဒေသဆိုင်ရာအခြေအနေနှင့် ခိုင်မာသော နားလည်မှုတို့ကို ဖွံ့ဖြိုးတိုးတက်စေပါသည်။

- ထို့အပြင် ဖြေဆိုသူများသည် Crown Agents များ၏ လွတ်လပ်မှုကို အကျိုးစီးပွားဆိုင်ရာပဋိပက္ခများကို ကန့်သတ်ထားသည့် အားသာချက်အဖြစ် ရှုမြင်ကြသည်။ ပုဂ္ဂလိကကန်ထရိုက်တာအနေဖြင့် Crown Agents သည် နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်မတူဘဲ နိုင်ငံတွင်းအဖွဲ့အစည်းများနှင့် အခြားသော ရန်ပုံငွေများ အတွက် ယှဉ်ပြိုင်ခြင်းမရှိပေ။

- ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (LOCALISATION)အစီအစဉ်ကို မြှင့်တင်ရန်နှင့် အမျိုးသားခေါင်းဆောင်မှုအားကောင်းစေရန်အတွက် အလှူရှင်များအနေဖြင့် တည်နေရာ၊ ဘာသာစကားနှင့် ပုဂ္ဂိုလ်ရေးဆက်ဆံမှုတို့အားဖြင့် ထောက်ပံ့ကြေးလက်ခံရရှိနေသည့် အဖွဲ့အစည်းများနှင့် ပိုမိုနီးကပ်လာစေရန် နည်းလမ်းများကို ရှာဖွေသင့်သည်။ HARP-F ၏ အရင်းအမြစ်များ (အချိန်နှင့် ဘတ်ဂျက်) ခွဲဝေမှုသည် ၎င်း၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများကို ပံ့ပိုးပေးခဲ့ပြီး အနာဂတ်တွင် အရင်းအမြစ်များကို နိုင်ငံလုံးဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင် ရည် မြှင့်တင်ရာတွင် အသုံးပြုမည့် အဓိကနည်းလမ်းအဖြစ် မှတ်ယူသင့်ပါသည်။ အထူးသဖြင့်၊ နိုင်ငံတကာနှင့် နိုင်ငံလုံးဆိုင်ရာ မိတ်ဖက်များအား ပေးထားသော ပံ့ပိုးကူညီမှုများသည် ၎င်းတို့၏ မတူညီသော လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်စေရမည်ဖြစ်ပြီး၊ အရင်းအမြစ်များကို အကောင်းဆုံးအသုံးချရန် လိုအပ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် ၎င်းတို့၏ အစီအစဉ်များအတွက် အဓိကအားဖြင့် ရန်ပုံငွေ လိုအပ်သော်လည်း၊ စီမံခန့်ခွဲရေးနှင့် စာရွက်စာတမ်းကိစ္စရပ်ဆိုင်ရာ ပြဿနာများကို ဖြေလျှော့ပေးနိုင်သည့် ပြောင်းလွယ်ပြင်လွယ်ဖြစ်မှုနှင့် အလွတ်သဘောဖြစ်မှုတို့မှ အများဆုံးအကျိုးအမြတ်ရရှိမည်မှာ နိုင်ငံတွင်းအဖွဲ့အစည်းများဖြစ်သည်။ ထို့အပြင် နိုင်ငံတွင်းအဖွဲ့အစည်းများသည် လေ့ကျင့်သင်ကြားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများ ပိုမိုလိုအပ်နေပါသည်။


Supported by:
UKaid
This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

**ရည်ရွယ်ချက် (၃)  မြန်မာနိုင်ငံနှင့် အခြားနေရာများတွင် နှစ်ရှည်၊ ကဏ္ဍစုံ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နှင့် နှစ်ရှည်ကြာမြင့်မည့် အကျပ်အတည်းဆိုင်ရာ အစီအစဥ်ရေးဆွဲခြင်းအတွက် နည်းလမ်းများရှာဖွေရာတွင် သတင်းအချက်အလက်များရရှိရေးအလို့ငှာ သင်ခန်းစာများ စုဆောင်းရန်။**

- HARP-F အနေဖြင့် ၂၀၁၉ ကမှ ၎င်း၏ထောက်ပံ့ကြေးအမြောက်အများကို စတင်ထုတ်ပေးခဲ့သောကြောင့် နှစ်ရှည်ရန်ပုံငွေ၏အကျိုးကျေးဇူးများကို အပြည့်အဝနားမလည်နိုင်ပါ။ သို့သော်လည်း၊ နှစ်ရှည်နှင့် ကာလတို စွမ်းဆောင်ရည် နှစ်မျိုးလုံးတွင် မတူညီသော ထောက်ပံ့ ကြေး အခွင့်အလမ်းများ (ပေးပို့မှု၊ လုပ်ဆောင်နိုင်မှု၊ တီထွင်ဆန်းသစ်မှုနှင့် လျှင်မြန်သော တုံ့ပြန်မှု) အောက်မှ အဖွဲ့အစည်းအများအပြားနှင့် စာချုပ်ချုပ်ဆို နိုင်ခဲ့ကြောင်း ပြသခဲ့သည်။

- အတိုချုံ့ထားသော နှစ်ရှည်ရန်ပုံငွေနှင့် စွမ်းရည်မြှင့်တင်ခြင်းသည် ပြဿနာများကို တုံ့ပြန်ဖြေရှင်းနည်း အသစ်များကို ရှာဖွေရန် အခွင့်အလမ်းများကို ပေးနေဆဲဖြစ်ကာ၊ သမားရိုးကျမဟုတ်သော ငွေလွှဲပြောင်းမှုနည်းလမ်းများကို အသုံးပြုပြီး၊ သီးခြားနယ်မြေများသို့ဝင်ရောက်ခွင့်ရှိသော ရပ်ရွာစေတနာ့ဝန်ထမ်းအဖွဲ့ များ နှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဝေးမှစီမံခန့်ခွဲမှုမိတ်ဖက်နည်းလမ်း (the Remote Management Partnership (RMP) toolkit) ကို ရေးဆွဲခြင်းအပါအဝင် ရှုပ်ထွေးပြီး အချိန်ကြာမြင့်မည့် အကျပ်အတည်း များတွင် အလုပ်ဖြစ်နိုင်သော ပုံစံအသစ်များကိုလည်း ထွက်ပေါ်စေပါသည်။ ဤကြိုးပမ်းအားထုတ်မှုများသည် ရှေ့ဆက်သွားနေသည့် အခြားသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဥ်များမှ အသုံးချနိုင်သည့် သင်ခန်းစာကိုလည်း ပေးပါသည်။

- နှေးကွေးစွာစတင်ပြီးနောက်၊ ၎င်း၏သက်တမ်းဒုတိယနှစ်ဝက်တွင် HARP-F သည် ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (LOCALISATION)အစီအစဉ်ကို ပံ့ပိုးပေးရာတွင် သိသာထင်ရှားသောရလာဒ်များရရှိခဲ့သည်။ ကံမကောင်းစွာပင် ဤအစီအစဉ်ကို ပိုမိုတွန်းအားပေးရန် (ပြု ဆောင်နိုင်စွမ်းသောထောက်ပံ့ကြေး(enabling grant) အမျိုးအစား (စာမျက်နှာ ၁၂ ကိုကြည့်ပါ။) ၏ စောစီးစွာ အဆုံးသတ်မှုကြောင့် အခွင့်အလမ်းပြတင်းပေါက်တစ်ရပ်ကို လက်လွတ်သွားခဲ့ရပုံပေါ်သည်။ ဒေသတွင်း ကိုက်ညီအောင်ဆောင်ရွက်ခြင်း (LOCALISATION)ကို ပိုမိုပံ့ပိုးပေးရန်အတွက် တွန်းအားများအား အနာဂတ်လုပ်ငန်းဆောင်တာများအတွက် ထည့်သွင်းစဥ်းစားရန် လိုအပ်ပြီး၊ HARP-F မော်ဒယ်၏ ရှုထောင့်များစွာသည် အောက်ပါအတိုင်း ဆက်လက်လိုက်နာဆောင်ရွက်စေရန် ထိုက်တန်ပါသည်။

  - FCDO သည် ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေ၍ ပြောင်းလွယ်ပြင်လွယ်ရှိသည့် ဒေသခံ မိတ်ဖက် အဖွဲ့အစည်းများထံ နှစ်ရှည်ရန်ပုံငွေများကို ဆက်လက်ပံ့ပိုးပေးသင့်သည်။

  - FCDO သည် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် ဦးစားပေးခြင်းအားဖြင့် ၎င်း၏ ထောက်ပံ့ကြေးမန်နေဂျာများကို လုံလောက်သောအရင်းအမြစ်များ (အချိန်နှင့် ဘတ်ဂျက်) ခွဲဝေပေး ရန် စဥ်းစားသင့်သည်။ ထို့အပြင်၊ နိုင်ငံတကာနှင့် နိုင်ငံတွင်းမိတ်ဖက်အဖွဲ့အစည်းများအား ပံ့ပိုးပေးသည့် စွမ်းဆောင်ရည်မြှင့်တင်မှုမှာ ၎င်းတို့၏ မတူညီသော လိုအပ်ချက်များနှင့် အံဝင်ခွင်ကျဖြစ်စေသင့် ပြီး၊ အရင်းအမြစ်များကို အကောင်းဆုံးအသုံးချသင့်ပါသည်။

  - FCDO သည် မြန်မာဘာသာဖြင့် အွန်လိုင်း၌အရင်းအမြစ်စာရင်းသွင်းမှုနှင့်အတူ အံကိုက်ဖြစ်စေမည့် သင်တန်းလှုပ်ရှားမှုများကို ဆက်လက်ပံ့ပိုးပေးသင့်သည်။ သင်ရိုးညွှန်းတမ်းတွင် တိုးတက်နေသော သင်တန်းလိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာဖြည့်ဆည်းနိုင်ရန် အခြေခံ၊ အဆင့်မြင့်နှင့် ကျွမ်းကျင် အဆင့် သင်တန်းများ ပါဝင်သင့်သည်။

  - FCDO သည် နိုင်ငံတကာဆွေးနွေးပွဲများနှင့် ချိတ်ဆက်ဆောင်ရွက်မှုအပြင်၊ ညှိနှိုင်းဆောင်ရွက်မှုနယ်ပယ်များတွင် ပြည်တွင်းအရပ်ဘက်အဖွဲ့အစည်းများ (CSOs) များအတွက် စုရုံးထောက် ပံ့ မှုကို ပေးစွမ်းနိုင်သော ကွန်ရက်(များ) အား ဆက်လက်ပံ့ပိုးပေးသင့်သည်။

အများစုသော အစိတ်အပိုင်းများအတွက်၊ HARP-F သည် လိုက်လျောညီထွေဖြစ်ပြီး ပြောင်းလွယ်ပြင်လွယ်မှုရှိသော ထောက်ပံ့ငွေရရှိနိုင်မှုများမှတစ်ဆင့် ထိခိုက်ခံစားရသူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပေးအပ်ခဲ့ ပြီး၊ FCDO နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အသိုက်အဝန်းအတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်းနှင့် အသိပညာအုတ်မြစ်တစ်ခုတို့ကို ပံ့ပိုးပေးခဲ့ပါသည်။

အမှန်တကယ်ပင် တိုးတက်စေနိုင်ခဲ့သည့်နေရာမှာ HARP-F နှင့် FCDO အကြား အခန်းကဏ္ဍနှင့် တာဝန်များဟူသည့် အဓိပ္ပာယ် ဖွင့်ဆိုချက် ဖြစ်ပြီး၊ 'နည်းလမ်း/ ရန်ပုံငွေထောက်ပံ့မှု' အတွက် ရှင်းလင်းပြတ်သားသော အဓိပ္ပာယ်ဖွင့်ဆိုချက်


This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.

အပြင်၊ 'အလှူရှင်များ' နှင့် ၎င်း၏ ဆက်ဆံရေးတို့အတွက်ကိုလည်း ရှင်းလင်းသော ဖွင့်ဆိုချက်ပေးနိုင်ခဲ့ပါသည်။ ၎င်းသည် ကနဦး HARP-F ၏ ချဉ်းကပ်မှုကို အခြေခံထားသည့် သဘောတရားများကို ကူညီမွမ်းမံပေးနိုင်သည်။

HARP-F သည် မှန်ကန်သောအသင်းအဖွဲ့ ရှိသည့်အခါ ကောင်းမွန်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း သရုပ်ပြခဲ့သည်။ ထို့ကြောင့် အနာဂတ်တွင် HARP-F ကို FCDO အတွက် နည်းလမ်းတစ်ခုထက်စာလျှင် စီမံကိန်းတစ်ခုအတွက် အယူအဆတစ်ခုအဖြစ် မှတ်ယူနိုင် ပြီး၊ ပိုမိုရှင်းလင်းပြတ်သားသည့် အခန်းကဏ္ဍများနှင့် ပိုမိုချောမွေ့စွာ အကောင်အထည်ဖော်ခြင်းနှင့်အတူ ပိုမိုကောင်းမွန်သောရလာဒ်များကို ပေးစွမ်းနိုင်မည်ဖြစ်သည်။



*Photo: © HARP-F partner*

*Design template: © Molly Webster*
*Cover Photo: © Unsplash*

HARP-F
Humanitarian Assistance and Resilience Programme Facility

CROWN AGENTS
ACCELERATING SELF-SUFFICIENCY & PROSPERITY

Supported by:
UKaid

This material has been funded by UK aid from the UK government; however the views expressed do not necessarily reflect the UK government's official policies.